# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၄း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၄း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားပြပါ့မယ်။

ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဆေးစစ်ခံ၊ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ မိသားစုကျန်းမာရေး၊ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ မိသားစု ကျန်းမာရေး၊ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ သမီးဆယ်တန်းဖြေ၊ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ နေမကောင်း၊ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကိစ္စ၊ ဦးညီညီထွန်း၊ မွန်(၁၀)၊ မိသားစုကိစ္စ၊ ဦးမင်းဦး၊ ပဲခူး(၇)၊ မိသားစုကိစ္စ၊ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဇနီးနေမကောင်း၊ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေး၊ ဦးစံထွန်း၊ ကချင်(၁၁)၊ ကျန်းမာရေး၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဘုရားထီးတင်ရန်၊ ဗိုလ်မှူးကျော်သူ၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ နေမကောင်း၊ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ နေမကောင်း၊ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ မိသားစုကျန်းမာရေး၊ ဦးသန်းဆွေ၊ မကွေး(၇)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ပြည်ပခရီးစဉ်၊ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘော တူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၄း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၃၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ များနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးကို တက်ရောက်လာပါသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝ ပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့ ဆွေးနွေးမယ့် အကြောင်းအရာ ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့် ပတ်သက်ပြီး တော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဓိကထားပြီး ကျွန်တော်ဆွေးနွေးသွားမယ့် အကြောင်းအရာ ကတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်၊ အတည်ပြု ပြဋ္ဌာန်းချက်နဲ့ ပတ်သက်ပြီး တော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နည်းဥပဒေ အခန်း(၂)၊ ပုဒ်မ ၃၊ မူလပြဋ္ဌာန်းချက် - မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းချက် အား ပြည်သူ့လွှတ်တော်မှ အပိုဒ်(၃)ပိုဒ်နဲ့ ပြင်ဆင်အတည်ပြုခဲ့ပါတယ်။

ပထမပိုဒ်အနေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အသက်(၁၈)နှစ် ပြည့်ပြီး အိမ်ထောင်စုဝင်တစ်ဦးနှုန်း တက်ရောက်ရန် အသိပေးပြီး အစည်းအဝေးကို ကြိုတင်

ဖိတ်ကြားနိုင်ရန် ဆောင်ရွက်ရမည်ဆိုပြီးတော့မှ ပြင်ဆင်အတည်ပြုထားပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်အပြည့်အဝ ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်ပြီးတော့မှ ရွေးချယ်တဲ့အခါမှာ တချို့အိမ်ထောင်စုဝင်တွေဟာ မသိလိုက်ပါဘူး။ မသိလိုက်တဲ့အတွက် ကြိုတင် ဖိတ်ကြားပုံ၊ ဖိတ်ကြားနည်း လိုအပ်လို့ မသိလိုက်တဲ့အတွက် မဲမပေးလိုက်ရတဲ့၊ ရွေးချယ်မှုမှာ မပါဝင်ရတဲ့ အိမ်ထောင်စုတွေ များစွာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ဟာ ထည့်သွင်းသင့်တဲ့ အချက်ဖြစ်တယ်ဆိုတာ ကျွန်တော်ထောက်ခံတင်ပြအပ်ပါတယ်။

ဒုတိယအချက်ကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတစ်ခုတွင် ကျေးရွာလူထုက ရွေးချယ်ပေးသည့် အများကြည်ညိုလေးစားပြီး သြဇာတိက္ကမ ရှိသည့် ရပ်မိ/ရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ ဒီအချက်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဘားအံမြို့နယ်မှာဆိုရင် ကျေးရွာအုပ်စုပေါင်း(၉၀)ကျော်နဲ့ ရပ်ကွက်(၈)ခု ရှိပါတယ်။ အဲဒီတော့ မြို့နယ်အုပ်ချုပ်ရေးမှူး ဟာ ရပ်ကွက်/ကျေးရွာတွေမှာရှိတဲ့ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိတဲ့ ရပ်မိ/ရပ်ဖ (၅)ဦးကို ရွေးချယ်ဖို့ရာ ဒါသူတို့ တစ်ရွာချင်းရဲ့ အခြေအနေကို မသိနိုင်ပါဘူး။ အဲဒီလို မသိနိုင်တဲ့ အတွက် ကျေးရွာလူထုက ရွေးချယ်ပေးတဲ့ ပုဂ္ဂိုလ်ကိုသာ ရွေးချယ်မှသာ မှန်ကန်တဲ့အဖြေကို ရရှိနိုင်မှာဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း ကျွန်တော်ထောက်ခံပါတယ်။

နောက်ထပ် ပြည်သူ့လွှတ်တော်ကနေပြီး ပြင်ဆင်အတည်ပြုပြီး အသစ်ဖြည့်စွက်လိုက်တဲ့ (ဂ) အချက်ကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့များကို ရွေးချယ်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သောအဖွဲ့အား တာဝန်ပေးအပ်နိုင်သည်ဆိုတဲ့ အချက် ဖြစ်ပါတယ်။ ဒီအချက်ကလည်း အလွန်မှန်ကန်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျတော့ မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးတည်းအနေနဲ့ ဒီတာဝန်ကို ခုန ကျွန်တော်တင်ပြသလို ကျေးရွာ အုပ်စု(၉၀)နဲ့ ရပ်ကွက်(၈)ခုရဲ့အပေါ်မှာ သွားရောက်ပြီးတော့ ရွေးချယ်ဖို့က ခက်ခဲပါတယ်။ အဲဒါကြောင့်မို့လို့ ခုနကလို မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများကို ခွဲဝေတာဝန်ပေးမယ်ဆိုရင်တော့ ဒီကိစ္စဟာ မြန်မြန်လွယ်ကူချောမောစွာ ဆောင်ရွက်နိုင်မယ့် အနေအထားမျိုး ဖြစ်တဲ့ အတွက် ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်အတည်ပြုတဲ့ အခန်း(၂)၊ နည်းဥပဒေ

အပိုဒ်(၃)ပါ ပြဋ္ဌာန်းချက်(က)၊ (ခ)၊ (ဂ)ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိပေးဖို့ ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၂)၊ အပိုဒ်(၅)မှာ အများဆုံးအိမ်ထောင်စု(၁၀)စု ပါဝင်သော အိမ်ထောင်စုများကို ဖွဲ့စည်းရမည်လို့ ဒါ မူလပြဋ္ဌာန်းချက်မှာ ပါရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး တော့မှ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ တစ်ဆက်တစ်စပ်တည်း အစဉ်လိုက် ဖြစ်သော အများဆုံး အိမ်ထောင်စု(၁၀)စုပါဝင်သော အိမ်ထောင်စုများကို ဖွဲ့စည်းရမည်လို့ ပြင်ဆင်ထားပါ တယ်။ ဒါလည်း မှန်ကန်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်တချို့မှာ အိမ်ထောင်စု (၁၂၀၀)ခန့် ရှိပါတယ်။ တကယ့်တကယ် (၁၀)အိမ်စု ဖွဲ့စည်းလိုက်တဲ့အခါမှာ (၁၀)အိမ်စု(၁၀၀)ပဲ ရပါတယ်။ (၁၀)အိမ်စု (၂၀)လောက်ပျောက်သွားပြီး၊ အိမ်ထောင်စု(၂၀၀)လောက် ပျောက်သွားတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒီ့အပြင် ခုနတုန်းက အုပ်ချုပ်ရေးမှူး ဖြစ်လိုတဲ့ ပုဂ္ဂိုလ် အချို့ဟာ အဲဒီလိုဖြစ်နိုင်ဖို့အတွက်ကို သူတို့ကို မဲပေးနိုင်မယ့် ပုဂ္ဂိုလ်များကို တစ်ဆက်တစ်စပ် သော မဟုတ်သော အိမ်များကို သူတို့ ထောက်ခံမယ့် (၁၀)အိမ်စုဖြစ်အောင် လိုက်ပြီးတော့မှ ဖွဲ့စည်းနေတဲ့ အနေအထားမျိုးတွေလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီ နည်းဥပဒေ အခန်း(၂)၊ နည်းဥပဒေအပိုဒ်(၅)မှာ ပါဝင်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် ဖြစ်တဲ့ တစ်ဆက်တစ်စပ်တည်း၊ အစဉ်လိုက်ဖြစ်သော အများဆုံးအိမ်ထောင်စု (၁၀)စုပါဝင်သော (၁၀)အိမ်စုများကို ဖွဲ့စည်းရမည်ဆိုတဲ့ အချက်ကိုလည်း ထောက်ခံတင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ အခန်း(၄)၊ အပိုဒ်(၂၈)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဥပဒေ အခန်း(၇)ပါ မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် (၁၀)အိမ်စုမှူးများကို ခန့်ထား နိုင်ရန် ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနဲ့ ကိုက်ညီသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းနဲ့ ကိုယ်ရေး အချက်အလက်များကို ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည် ဆိုပြီးတော့မှ ဒါ မူလ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဥပဒေအခန်း(၇)ပါ မိမိ၏လုပ်ငန်းတာဝန်များ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေ(၆)အရ ရွေးချယ်ထားပြီးဖြစ်သော ကိုယ်စားလှယ်များအား (၁၀)အိမ်စုမှူးများအဖြစ် ခန့်ထားတာဝန်ပေးရမည် ဆိုပြီးတော့မှ တိကျ သော ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာလည်း တကယ်လိုအပ် တဲ့ကိစ္စ ဖြစ်ပါတယ်။

ယခု ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာမှာ ရွေးကောက်၊ ရွေးချယ်ကြတဲ့ အခြေအနေကို ကျွန်တော်တို့ ကြည့်တဲ့အခါမှာ တချို့ဟာ ဆယ်အိမ်မှူးအဖြစ် ဆောင်ရွက်လိုစိတ် မရှိဘူး။ ဆောင်ရွက်လိုစိတ် မရှိသော်ငြားလည်း မိမိလိုလားသူ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဖြစ်ဖို့အတွက်ကို ဆယ်အိမ်စုမှူး များအဖြစ် ရရှိအောင် ဒီလိုဆောင်ရွက်တဲ့ အနေအထားမျိုးလေးတွေ ကျွန်တော်တို့ တွေ့ရှိရတဲ့ အတွက် အခုဆယ်အိမ်စုမှူးအဖြစ် ရွေးချယ်တဲ့ သူသည် ဆယ်အိမ်စုမှူးအဖြစ် ခန့်ထားတာဝန် ပေးရမယ်ဆိုတာသိရင် ဆယ်အိမ်စုမှူး မလုပ်လိုသူတွေဟာ နဂိုကတည်းက ရွေးချယ်ခန့်ထားခြင်း မရှိတော့ဆိုလို့ရှိရင် ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကိုလည်း ကျွန်တော်ထောက်ခံပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အသစ်ဖြည့်စွက်ခြင်း ဆိုပြီးတော့မှ ပြည်သူ့ လွှတ်တော်က ပြင်ဆင်အတည်ပြုတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ အဲဒါကတော့ အပိုဒ်(၄၅) ဤနည်း ဥပဒေ အတည်မပြုမီ ရွေးချယ်ခန့်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား တာဝန်မှရပ်စဲ၍ ဤနည်းဥပဒေနှင့်အညီ ပြန်လည်ရွေးချယ် ခန့်အပ်မည်ဆိုတဲ့ အချက် ကတော့ ပယ်ဖျက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအချက်ကို အခုနည်းဥပဒေအတည်ပြုမှ ကျွန်တော်တို့ ခန့်ထားမယ်ဆိုလို့ရှိရင်တော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှာ ရွေးချယ်ခဲ့တဲ့ အုပ်ချုပ်ရေးမှူးများ အားလုံးကို တာဝန်ကနေ ရပ်စဲပြီးတော့မှ အသစ်ပြန်ရွေးရမယ့် အနေအထားမျိုး ဖြစ်တဲ့အတွက် ဒီပြဋ္ဌာန်းချက်ကိုတော့ ပယ်ဖျက်သင့် ပါတယ်ဆိုပြီးတော့ တင်ပြရင်း နိဂုံးချုပ် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၀။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေအထားနဲ့ ဆွေးနွေးမယ့်အချက်ကလည်းပဲ အခုဆွေးနွေးသွားခဲ့တဲ့ ဦးမန်းကံညွန့် ရဲ့ ဆွေးနွေးချက်နဲ့ အားလုံးဟာ တစ်ထပ်တည်းနီးပါး တူပါ တယ်။ ဒါကြောင့် လိုတာလေးပဲ ကျွန်တော် ဖြည့်စွက်ဆွေးနွေးဖို့ရှိပါတယ်။

ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုပြီး ပြင်ဆင်ပေးလိုက်တဲ့ အခန်း(၂)ရဲ့ အပိုဒ်(၃) (ခ)မှာ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုတွင် ကျေးရွာလူထုက ရွေးချယ်တဲ့ အများကြည်ညိုလေးစားပြီး ဩဇာတိက္ကမ ရှိတဲ့ ရပ်မိ/ ရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်မယ်လို့ ရေးထားပါတယ်။ အဲဒါ ထောက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဘာကို ဖော်ပြချင်သလဲဆိုတော့ ကျွန်တော်တို့ မူရင်းဥပဒေရဲ့ ပုဒ်မ ၆ မှာ ကန့်သတ်ထားတဲ့အထဲမှာ အဓိကဖော်ညွှန်းထားတာလေး တစ်ခု ရှိပါ တယ်။ အဲဒါဘာလဲဆိုတော့ ဒီကိစ္စကို ဆောင်ရွက်ပေးရန် ဆန္ဒရှိသော ဆိုတဲ့အပိုဒ်ကလေးက မူရင်း ဥပဒေပုဒ်မ ၆ မှာ ပါရှိတဲ့အတွက်ကြောင့် အဲဒီပြင်ဆင်ချက်ထဲမှာ ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ဆိုတာလေး ဖြည့်စွက်လျှင် ပိုပြီးတော့ သင့်လျော်မယ်လို့ ကျွန်တော်ဆွေးနွေးလို ပါတယ်။

နောက် ဒုတိယအရေးကြီးဆုံးသော အချက်ကတော့ အခန်း(၄)ရဲ့ အပိုဒ်(၂၈)ပဲ ဖြစ်ပါတယ်။ ဒီအပိုဒ်(၂၈)မှာ ဖော်ပြထားတာကိုတော့ ကျွန်တော် သုံးသပ်ချက်(၄)ခုနဲ့ ကျွန်တော် အကြံပြုဆွေးနွေးချင်ပါတယ်။ ဒီကိစ္စကတော့ အင်မတန်ကို အလေးအနက်ထားရမယ့်ကိစ္စလို ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ အပိုဒ်(၂၈)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ ဥပဒေအခန်း(၇)မှာပါတဲ့ မိမိရဲ့လုပ်ငန်းတာဝန်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုမှူးများကို ခန့်ထားနိုင်ရန် ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ကိုယ်ရေးအချက်များကို ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်လို့ သူက ထည့်လိုက် တယ်။ ဒါထည့်လိုက်တဲ့ အနက်အဓိပ္ပာယ်က ဘာဖြစ်သလဲဆိုတော့ မူရင်းဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျော်လွန်နေတာကို တွေ့ရပါတယ်။

အသစ် ဖြစ်ပေါ်လာတဲ့ အုပ်ချုပ်ရေးမှူးဟာ ဘာပဲရှိသလဲဆိုရင် သူ့ပေးထားတဲ့ ကျွန်တော်တို့ ဥပဒေအခန်း(၇)မှာပါတဲ့ လုပ်ငန်းတာဝန်တွေကို လိုက်ကြည့်လိုက်တဲ့အခါကျတော့ စုစုပေါင်း(၃၂)ချက်ရှိပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးမှူးကို သီးသန့်ခန့်ထားပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတာ လုံးဝ မပါပါဘူး။ အဲဒီတော့ နဂိုအနေအထားအရကိုလည်း ကျွန်တော် ရပ်ကွက်

အုပ်ချုပ်ရေးမှူးတွေရဲ့ ပထမဆယ်အိမ်စုတွေထဲကိုက ကျွန်တော်လျှို့ဝှက်မဲနဲ့ လူထုရဲ့ Mandate ရထားတဲ့ ဆယ်အိမ်စုမှူးတွေကို စုပြီးတော့မှ အုပ်ချုပ်ရေးမှူး ရွေးခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီ အုပ်ချုပ်ရေးမှူး ရွေးခဲ့တဲ့ နေရာမှာ ကျွန်တော်ပထမဦးဆုံး သုံးသပ်ချက်တစ်ခု အနေအထားနဲ့က မူလပြဋ္ဌာန်းထားချက်က ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေရဲ့ မူရင်းဥပဒေမှာ ပါဝင်တဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများရဲ့ လုပ်ငန်းတာဝန်၊ မူရင်းဥပဒေရဲ့ ပုဒ်မ ၁၃ မှာ ပြဋ္ဌာန်းထားချက်တွေကို ကျော်လွန်ပြီးတော့ တိုးချဲ့ရယူထားတယ်လို့ ကျွန်တော်သုံးသပ်လို့ရပါတယ်။

ဒုတိယသုံးသပ်ချက်က မူရင်းဥပဒေရဲ့ ရည်ရွယ်ချက်အနှစ်သာရက အခြေခံပြည်သူများက ဒီမိုကရေစီကျင့်စဥ်အရ ဆယ်အိမ်စုကိုယ်စားလှယ်များကို စပြီးတော့ရွေးချယ်ခွင့် Bottom up စနစ်နဲ့ ရွေးချယ်ဖို့ မူရင်းဥပဒေက ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အခု ရပ်/ကျေး အုပ်ချုပ်ရေးမှူး ဖြစ်ပြီးတဲ့ အခါကျတော့မှ ဆယ်အိမ်စုမှူးဆိုပြီးတော့ ဆယ်အိမ်စုကိုယ်စားလှယ် နာမည်မှာ ဆယ်အိမ်စုမှူးလို့ နာမည်ပြောင်းပြီးမှ ဖြစ်ပေါ်လာတဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးက လူတွေအသစ် ကိုယ့်ဘာသာကို ပြန်ပြီးတော့မှ ရွေးချယ်ခန့်ထားရမယ်လို့ ပေးလိုက်တာဟာ ဘာနဲ့ သွားပြီးတော့ ဖြစ်နေသလဲဆိုရင် ဗဟိုချုပ်ကိုင်မှုကို ပြန်ကိုင်တဲ့ ကျွန်တော်တို့ Top down စနစ်ကို ပြန်သွားတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မူရင်းဥပဒေမှာ ဖော်ပြထားတဲ့ အနှစ်သာရနဲ့ လည်း ဆန့်ကျင်တယ်လို့ ကျွန်တော်သုံးသပ်လို့ရပါတယ်။

နောက်သုံးသပ်ချက်၊ တတိယသုံးသပ်ချက်အနေအထားနဲ့ တကယ်လို့ အဲဒီလို ခွင့်ပြုလိုက်မယ်ဆိုရင် ဒီလိုခွင့်ပြုလိုက်တာနဲ့ အသစ်ဖြစ်ပေါ်လာတဲ့ ကျွန်တော်တို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးဟာ ပါတီရေး၊ ပုဂ္ဂိုလ်ရေး၊ နောက်ရင်းနှီးမှု၊ ဆွေရေးမျိုးရေး စသည်ဖြင့် သူအုပ်ချုပ်မှုရလိုက်တာနဲ့ တစ်ပြိုင်နက်ထဲမှာ သူရွေးချယ်ချင်တဲ့သူတွေကို ဆယ်အိမ်စုမှူးတွေနဲ့ သူ့ဟာသူ ရွေးချယ်မယ်ဆိုရင် အခြေအနေအရ ဘာတွေဖြစ်သွားမလဲဆိုရင် နောင်အစဥ် တစ်လျှောက်လုံးမှာ ကျွန်တော်တို့ ကျေးရွာအုပ်ချုပ်ရေးတွေဟာ ဆရာတင် တပည့်မွေးကိစ္စတွေ နဲ့ ကျွန်တော်တို့ ရွာတွေမှာ အမြဲမပြတ်ရှုတ်ထွေးနေတဲ့ ပြဿနာတွေဖြစ်ဖို့ အမြဲတေလမ်းစ အဲဒီမှာစပြီး မွေးထုတ်ပေးလိုက်သလို ဖြစ်နေတာ အင်မတန်စိုးရိမ်စရာ ကောင်းပါတယ်လို့ ကျွန်တော်သုံးသပ်လို့ ရပါတယ်။

နောက် စတုတ္ထသုံးသပ်ချက် အနေအထားနဲ့က ကျွန်တော်တို့ အပြန်အလှန် ထိန်းညှိနိုင်ပြီးတော့ ပြည်သူတို့ရဲ့ဆန္ဒနဲ့ တာဝန်ပေးအပ်တဲ့ (Mandate) ရထားပြီးသားဖြစ်တဲ့ နည်းဥပဒေ ၆ အရ ဒါ လျှို့ဝှက်မဲနဲ့ ရွေးချယ်ထားတဲ့ ဆယ်အိမ်စုကိုယ်စားလှယ်တွေ ရှိပြီးသား ဖြစ်ပါတယ်။ ဒီလိုဆိုရင် ဆယ်အိမ်စုကိုယ်စားလှယ်တွေနဲ့ တွဲဖက်ပြီးတော့ ဆောင်ရွက်သွားခြင်းအားဖြင့် ကျွန်တော်တို့ စနစ်မှန်မှန် ထိန်းညှိသွားမယ့် အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမူရင်းဥပဒေရဲ့ ပုဒ်မ ၁၆(ဂ)မှာလည်း ဘာဖော်ပြထားသလဲဆိုတော့ ယာယီတာဝန်မှ ရပ်ဆိုင်းရတဲ့ အခါမျိုးတွေမှာတောင်မှ ဒီ အုပ်ချုပ်ရေးမှူးရွေးလိုက်တဲ့အခါမှာ ဒုတိယ မဲအများဆုံး ရတဲ့သူဟာ ယာယီအားဖြင့် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဖို့ဆိုတာ မူရင်းဥပဒေမှာ ပြဋ္ဌာန်းပေးပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ထပ် လူအသစ်ကို ကိုယ့်ဟာကို ခန့်ထားရမယ်ဆိုတဲ့ ပုံစံဟာ မူရင်းဥပဒေမှာ ဖော်ပြထားတဲ့ အခြေအနေတွေရဲ့ တန်ဖိုးကို မျက်ကွယ်ပြုရာ ရောက်တဲ့အတွက် ဒါဟာ မသင့်လျော်ဘူးလို့ ကျွန်တော် သုံးသပ်တင်ပြခြင်း ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကလည်း မှန်ပါတယ်။ နောက်ဆုံး ထပ်ဖြည့်ထားတဲ့ အချက်တစ်ခုကတော့ ကျွန်တော် လိုလိမ့်မယ်လို့ မထင်ပါဘူး။ ဒီဥပဒေ အတည်မပြုမီ ရွေးချယ်ခန့်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်မှရပ်စဲ၍ ဤနည်းဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ခန့်အပ်ရမည် ဆိုတာကတော့ အခုဟာကတော့ ပထမဆုံးအကြိမ်အတွက်ပဲ ဒါက အသုံးဝင်မှာ ဖြစ်ပါတယ်။ နောင်ဆက်တိုက်မှာဆိုရင် ဒီအခန်းကဏ္ဍက အသုံးဝင်မှာ မဟုတ်တဲ့အတွက် အဲဒါတော့ မလိုအပ်ဘူးလို့ သုံးသပ်တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၆။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ချစ်ခင်လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်

ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ နည်းဥပဒေကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီနည်းဥပဒေနဲ့ ပတ်သက်ပြီးတော့ ကဏ္ဍ(၃)ရပ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမကဏ္ဍကတော့ ကျေးရွာကြီးကြပ်ရေးအဖွဲ့ဝင်(၅)ဦး၊ အဖွဲ့ခေါင်းဆောင်(၁)ဦးပါဝင် သတ်မှတ်ဖို့ကိစ္စရယ်၊ ဒုတိယအချက်ကတော့ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ခြင်းနဲ့ ပတ်သက်၍ ကိစ္စရယ်၊ တတိယကတော့ ဆယ်အိမ်စုမှူး မပါပဲ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ခန့်အပ်နိုင်ရန် လိုအပ်ကြောင်း ဆိုတဲ့ ကိစ္စရပ်ဆိုတဲ့ အချက်(၃)ချက် ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ နည်းဥပဒေ အကြံပြုဆွေးနွေးရမယ် ဆိုရင် အခုအချိန်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ နည်းဥပဒေအရ တချို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နည်းဥပဒေ အရ အုပ်ချုပ်ရေးမှူးများကို ရွေးချယ်ကြပြီဖြစ်၍ တချို့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုများမှာ ရွေးချယ် တင်မြှောက်ဆဲ ဖြစ်ပါတယ်။

အဲဒီလို ရွေးချယ်တင်မြှောက်သည့်နေရာမှာ နည်းဥပဒေပုဒ်မအချို့ဟာ အားနည်းချက် များ ရှိနေသေးကြောင်း၊ လက်ရှိ လက်တွေ့အခြေအနေ အခက်အခဲများ ကြုံတွေ့နေရတာကို တွေ့ရှိရပါတယ်။ တင်ပြမယ့် အားနည်းချက်များမှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ရွေးချယ်ပေး လိုက်တဲ့ ကြီးကြပ်ရေးအဖွဲ့(၅)ဦးထဲတွင် အဖွဲ့ခေါင်းဆောင်(၁)ဦး လိုအပ်နေကြောင်း တွေ့ရှိရပါ တယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တာဝန်ပေးအပ်ရာတွင် မြို့နယ် အုပ်ချုပ်ရေးမှူးက ကြီးကြပ်ရေးအဖွဲ့(၅)ဦးကို နည်းဥပဒေပုဒ်မ ၃ အရ ရွေးချယ်တင်မြှောက်ရ ပါတယ်။ ကျွန်တော်တို့ ဒေသမှာဆိုရင်တော့ ဤ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကြီးကြပ်ရေး အဖွဲ့(၅)ဦးထဲကို အများဆန္ဒအရ ရွေးချယ်တင်မြှောက်ကြတဲ့အတွက် ဒီမိုကရေစီကျင့်စဉ်အရ သဘာဝကျကြောင်း တွေ့ရှိရပါတယ်။

သို့သော်လည်း အဆိုပါ ကြီးကြပ်ရေးအဖွဲ့(၅)ဦးတွင် အဖွဲ့ခေါင်းဆောင်မပါရှိသဖြင့် အဖွဲ့၏ ဦးဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ လက်တွေ့အမြင်အရ အနည်းငယ် အခက်အခဲရှိတာကို တွေ့ရပါတယ်။ ဘာဖြစ်လိုလဲဆိုတော့ ကြီးကြပ်ရေးအဖွဲ့(၅)ဦးဟာ အဖွဲ့ခေါင်းဆောင်မရှိတဲ့အတွက် ရပ်ကွက်/ကျေးရွာမှာ ဆယ်အိမ်စုကိုယ်စားလှယ် ဖွဲ့စည်းရေးကိစ္စတွေ၊ နောက်ပြီးတော့ ရပ်ကွက်/ကျေးရွာနဲ့ ပတ်သက်လို့ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကိစ္စနဲ့ပတ်သတ်၍ နေရာအနေအထားရယ်၊ နောက်ပြီးတော့ တက်ရောက်လာကြတဲ့ ဆယ်အိမ်စု၊ အိမ်ထောင်စု ကိုယ်စားလှယ်များကို ကြီးကြပ်ပြီးတော့ ဦးဆောင်ဆွေးနွေးတဲ့သူက မရှိတဲ့အတွက် ဦးဆောင်လုပ်ငန်းမှာ အခက်အခဲများ ကြုံတွေ့နေရကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါအခက်အခဲများကို ပြေလည်စေရန်အတွက် အောက်ပါအတိုင်း အကြံပြုအပ်ပါတယ်။ နည်းဥပဒေတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သော ကြီးကြပ်ရေးအဖွဲ့(၅)ဦးထဲမှ အဖွဲ့ခေါင်းဆောင်ကို အချင်းချင်းသဘောတူ တာဝန်ပေးအပ်ရန်ဟု နည်းဥပဒေပုဒ်မ ၃ မူလစာပိုဒ်တွင် ဆက်လက်ရေးသား ဖော်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။ နောက်ထပ်တစ်ဖန် ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ခြင်းကိစ္စနဲ့ ပတ်သက်၍ ကိုယ်စားလှယ်ရွေးချယ်ခြင်းတွင် ကြီးကြပ်ရေးအဖွဲ့က နည်းဥပဒေ ပုဒ်မ ၆ အရ သတ်မှတ်ထားသော အရည်အချင်းနဲ့ပြည့်စုံသူ(၁)ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ထို့သို့ရွေးချယ်ရာမှာ ဥပဒေ ပုဒ်မ ၅ အရ အရည်အချင်းတူသူ (၂)ဦးမှ အများဆုံးအရည်အချင်း၊ အများဆုံးမဲဆန္ဒ အရေအတွက် တူညီသူများကို ပြီးပြတ်စေရန်အတွက် လျှို့ဝှက်ဆန္ဒမဲဖြင့် အကြိမ်ကြိမ်ရွေးချယ်သော်လည်း အရေအတွက် တူညီမှုမရှိဘဲ အခက်အခဲကြုံတွေ့နေရတာကို တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ မဲဆန္ဒအရေအတွက် တူညီသည့်ကိစ္စတွင် နည်းဥပဒေပုဒ်မ မရှိသည့်အတွက် အခက်အခဲများ ကြုံနေရခြင်း ဖြစ်ပါတယ်။ ထို့ကဲ့သို့ ဆန္ဒမဲအရေအတွက် တူညီသည့်ကိစ္စတွင် မည်သို့ဆက်လက် ဆောင်ရွက်ရမည်ကို မည်သည့်နည်းဥပဒေတွင်မျှ ပြဋ္ဌာန်းထားခြင်းမရှိပါသဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို အခက်အခဲကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါပြဿနာများ ပြေလည်စေရန်အတွက် အောက်ပါအတိုင်း အကြံပြုအပ်ပါတယ်။ ဆယ်အိမ်စုကိုယ်စားလှယ်ရွေးချယ်ရာမှာ ဥပဒေပုဒ်မ ၅ အရ အရည်အချင်းတူညီသူ(၂)ဦးကို ပလပ်၍၊ ပယ်၍ပေါ့၊ ကျန်ရှိနေသော ဆယ်အိမ်စုကိုယ်စားလှယ်များထဲမှ (၃)ဦးကို ညှိနှိုင်းရွေးချယ်ပြီး အဆိုပါ ရွေးချယ်ခံရသူ (၃)ဦးက အရည်အချင်းတူ၊ မဲအရေအတွက်တူသူ (၂)ဦးအနက်မှ (၁)ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးရန်ဟု နည်းဥပဒေပုဒ်မ ၆ မူလစာသားတွင် ထပ်မံဆက်လက်ပြီးတော့ ဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြတဲ့ကိစ္စဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးက တင်ပြတဲ့ကိစ္စမှာ ဆယ်အိမ်စုအဖွဲ့မှာ မပါဘဲ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခွင့်ပေးရန်လိုအပ်ကြောင်း ဖော်ပြထားပါတယ်။ အဘယ်ကြောင့်ဆိုသော် ဆယ်အိမ်စုတစ်စုမှာ အိမ်ခြေ(၅)အိမ်နဲ့ (၆)အိမ်ကြား လက်မခံရုံနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်၍ မရနိုင်ပါက ဥပဒေအရ ပိုမိုရှုပ်ထွေးလာမည် ဖြစ်တဲ့အတွက် ဆယ်အိမ်စုကိုယ်စားလှယ် မပါဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရွေးချယ်သင့်ပါကြောင်း တင်ပြထားတာ တွေ့ရှိရပါတယ်။

နိဂုံးအနေဖြင့် ဖော်ပြရမယ်ဆိုရင် နည်းဥပဒေနဲ့ပတ်သက်၍ ကြီးကြပ်ရေးအဖွဲ့(၅)ဦးတွင် အဖွဲ့ခေါင်းဆောင်(၁)ဦးလိုအပ်၍ အဆိုပါ အဖွဲ့ခေါင်းဆောင်အား မည်သို့ရွေးချယ်မည်ဟူသည့် အကြံပြုချက်နဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ခြင်းနဲ့ ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည် ဟူသော အကြံဉာဏ်ပေးချက်များ ပါဝင်ကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၄။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး ရေလိုအေးလို့ ပန်းလိုလန်းကြပါစေ၊ အားလုံး မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မ ဒီ ပြည်သူ့လွှတ်တော်

ဘက်က ပြန်လာခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၏ မူလပြဋ္ဌာန်းချက်များ ပြင်ဆင်ရန်ဆိုတဲ့အခါမှာ ဒီဟာကို ဆွေးနွေးရတာ တော်တော်လေးရင်ထဲမှာ ခံစားရပါတယ်။ ဘာလို့လဲဆိုတော့ ဒီ ရပ်/ကျေး အုပ်ချုပ်ရေးဟာ ကျွန်မတို့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ အခြေခံအုတ်မြစ် ဖြစ်တဲ့အတွက် ကျွန်မတို့ ပြီးခဲ့တဲ့ လွှတ်တော်တွေမှာ တုန်းက တော်တော်ကို အားသွန်ခွန်စိုက်နဲ့ ကျွန်မတို့ အကြိမ်ကြိမ် အပြန်အလှန် အကုန်လုံး ဒါ ဥပဒေကြမ်းကော်မတီနဲ့ရော အကုန်လုံး ကျွန်မတို့ ညှိနှိုင်းပြီးတော့မှ တက်သွားခဲ့ တဲ့ဟာတွေဟာ တကယ့် ကျွန်မတို့က ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာတွေကို ကြိုးစားပြီးတော့မှ ကျွန်မတို့ အများကြီး လွှတ်တော်ကိုယ်စားလှယ်တွေ အကြိမ်ကြိမ် ညှိပြီးတော့မှ တက်သွားခဲ့တဲ့ဟာတွေက ပြည်ထောင်စု လွှတ်တော်မှာ ဒါ ကျွန်မတို့ မဲနဲ့ရှုံးခဲ့တဲ့ဟာတွေပါ။

အဲဒီတုန်းက ဒီနည်းဥပဒေပါ အခန်း(၁၁)ခန်းပါပြီးတော့၊ ပုဒ်မ(၄၄)ခု ပါပါတယ်။ အခု အခန်း(၂)၊ နည်းဥပဒေ ပုဒ်မ ၃ ပေါ့နော်၊ အဲဒီ ပုဒ်မ ၃ က ကျွန်မတို့ အဲဒီတုန်းက တကယ် ဆွေးနွေးပြီးတော့မှ၊ အကြိမ်ကြိမ်ဆွေးနွေးပြီးတော့မှ ကျွန်မတို့ဘက်က ဒီအခုတင်တဲ့အတိုင်းပဲ ကျွန်မတို့က တင်ခဲ့တာ၊ သို့သော်လည်း ပြည်ထောင်စုလွှတ်တော်မှာ ကျွန်မတို့ မဲနဲ့ ရှုံးခဲ့တယ်၊ အဲဒီတော့ အဲဒီဟာတွေကို ကျွန်မတို့ ပြန်ပြီးတော့ ဆွေးနွေးရမှာ၊ ကျွန်မကိုယ်တိုင်ဒါကိုပဲ ဒါ ဒီမိုကရေစီကျင့်စဥ်တွေ၊ ဒီမိုကရေစီအလေ့အကျင့်တွေ ဖြစ်အောင်လို့ ပြည်သူလူထုကို ဥပက္ခာ မပြုပဲနဲ့ ပြည်သူအများဆန္ဒနဲ့အညီ စကားလုံးလေးကိုတော့၊ စကားရပ်လေးကိုတော့ ထည့်ပေး ပါဆိုတော့ ကျွန်မကိုယ်တိုင် အဲဒီတုန်းက ကျွန်မ အတွန်းအတိုက် တအားကိုပဲ ပြောခဲ့ပြီးတော့မှ အဲဒီဟာလေးက အမျိုးသားလွှတ်တော်မှာတော့ ဒါ အကုန်လုံးက သဘောတူလို့ တက်သွားတယ်။

သို့သော်လည်း ပြည်ထောင်စုလွှတ်တော်မှာ ဒါ ကျွန်မတို့ မဲနဲ့ရှုံးခဲ့တဲ့ဟာ၊ ဒါ သူက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ် ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု(၁)ခုတွင် အများကြည်ညို လေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်လို့ ပြောတဲ့အခါမှာ ကျွန်မတို့က အဲဒီ အစောကပြောတဲ့ ဒီမိုကရေစီကျင့်စဥ်၊ ဒီမိုကရေစီအလေ့အကျင့်၊ အများကို လေးစားတဲ့အနေနဲ့ နောက်လည်း ဒါလိုအပ်မယ်လို့ထင်လို့ ကျွန်မတို့က ဒီထဲမှာ တစ်ခုထဲပဲ အများဆန္ဒနဲ့အညီ ဆိုတာဒါလေးကို ကျွန်မတို့က ထည့်ပြီးတဲ့အခါ

ကြတော့ တက်သွားတာပါ။ အခုလည်း ကျွန်မ ဒါကိုပဲ ထပ်ပြီးတော့ ပြောမှာပဲ၊ ဘာလဲဆိုတော့ အခါကြတော့ သူက ဒီဘက်မှာ အပိုဒ် (၃)ပိုဒ် တောင်မှပဲ ပြည်သူ့လွှတ်တော်က ဒါဖြည့်ထားတာ၊ သို့သော်လည်း အကုန်လုံး တကယ်ပြောလိုက်မယ်ဆိုရင်လည်း အစောကပြောသလိုပဲ ဒါရွေးလိုက်တဲ့နေရာမှာ အများဆန္ဒနဲ့အညီ မပါလို့ အများဆန္ဒနဲ့အညီ ဖြစ်စေချင်လို့ ဒါ သူတို့ ပြင်ထားတာပဲ၊ အဲဒီလို ကျွန်မကတော့ အရင်တစ်ခါပြောသလိုပဲ သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ(၅)ဦးကို အများဆန္ဒနဲ့အညီ ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်လို့ အဲဒီနေရာမှာ ရပ်မိရပ်ဖ(၅)ဦးကိုလည်း ရွေးချယ်၍ရဲ့ကြားမှာ အများဆန္ဒနဲ့အညီဆိုတဲ့ အရင်တုန်းက ထည့်ခဲ့တဲ့ စကားရပ်လေးကိုပဲ ကျွန်မကတော့ ဖြည့်ချင်ပါတယ်။

နောက်တစ်ခု သူတို့(ခ)မှာ အမှန်ကတော့ ကျွန်မ တစ်ခုထဲနဲ့ ပြတ်သွားရင် ဒီဟာ ဆွေးနွေးစရာ မလိုဘူး။ သို့သော်လည်း ပါလာလို့ ကျွန်မ ဆွေးနွေးတာ။ သူတို့ ပြင်ထားတဲ့ (ခ)မှာ ဒီ မြို့နယ်အုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု(၁)ခုတွင် ကျေးရွာလူထုက ရွေးချယ်ပေးသည့် အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်ဆိုတော့ အခုဟာက ရပ်/ကျေး ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ရပ်ကွက်လည်းပါရမယ်၊ ကျေးရွာလည်း ပါရမယ်၊ (၂)ခုလုံး ပါရမယ်ဖြစ်တဲ့အတွက် ကျေးရွာလူထုက ရွေးချယ်ပေးသည့် ဆိုတဲ့ စကားလုံးသည် သူက ဒါက ကျဉ်းမြောင်းနေတာ ဖြစ်တဲ့အတွက် ဒေသခံပြည်သူလူထု သို့မဟုတ် အများက ရွေးချယ်ပေးသည့် သို့မဟုတ် ပြည်သူလူထုက ဒေသခံများကရွေးချယ်ပေးသည့် စသည်ဖြင့် အဆင်ပြေတဲ့ စကားလုံး တစ်ခုနဲ့ ဒါ ရပ်ကွက်ရော၊ ကျေးရွာရော (၂)ခုစလုံးပါတဲ့ ဟာကို မြို့ရော၊ တောရော (၂)ခုစလုံးနဲ့ ပတ်သက်တဲ့ စကားလုံး(၁)ခုကို ဒါ ရွေးချယ်ပြီးထည့်ရမှာ ဖြစ်ပါတယ်။ ကျေးရွာလူထုက ရွေးချယ်ပေးသည့်ဆိုရင်တော့ ဒါ အင်မတန် ဟိုဟာပြုတယ်လို့ ပြောရမလား၊ အများနဲ့ မဆိုင်ဘူး။ ရွာတွေနဲ့ တောတွေနဲ့ ကျေးရွာတွေနဲ့ပဲ ဆိုင်တယ်ဆိုတဲ့ သဘော သက်ရောက်ပါတယ်၊ မြို့ မပါပါဘူး။ မြို့က ရပ်ကွက်တွေ မပါတဲ့သဘောဖြစ်နေလို့ အဲဒီ ရပ်ကွက်/ကျေးရွာလူထုက ရွေးချယ်ပေးသည့်ဆိုတဲ့ ရပ်ကွက်တစ်လုံးကို ထည့်သင့်တယ်လို့ ကျွန်မ ဒီနေရာမှာ ဖြည့်စွက်ပြီးတော့ အကြံဉာဏ်ပြုချင်ပါတယ်။

နောက်တစ်ကတော့ (ဂ)မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့များကို ရွေးချယ်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်နိုင်သည်ဆိုတာ ကျွန်မအနေနဲ့ ဒါလုံးဝ မလိုအပ်ဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက သူကို တာဝန်တိုက်ရိုက်ပေးထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တာဝန်တိုက်ရိုက်ပေးသော်လည်း အများဆန္ဒနဲ့အညီ ရွေးရမှာဖြစ်တဲ့အတွက် ကျန်တဲ့အဖွဲ့တွေကို လုပ်ပေးစရာမလိုဘူးလို့ ကျွန်မကတော့ ထင်တယ်။ ဒီအတိုင်း တစ်ယောက်ထဲက ရွေးတာတောင်မှ အခု ပြဿနာတွေက ကျွန်မတို့ ရှင်းလို့မရအောင် အောက်ခြေမှာ ရှုပ်နေတဲ့ဟာတွေ ရှိပါတယ်။

အဲဒါကြောင့်မို့လို့ ဒါ မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးထဲက ကိုင်တာပိုပြီးတော့ ပြတ်သားမယ်၊ ပီပြင်မယ်၊ တိကျမယ်လို့ ကျွန်မကတော့ ထင်တဲ့အတွက်ကြောင့်မို့လို့ ဒီ (ဂ) ကတော့ မလိုအပ်ဘူးလို့ ကျွန်မတို့က ထင်ပါတယ်။ နောက်တစ်ခုကတော့ ဒီ ကျွန်မတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဥပဒေ အခန်း(၇)ပါ မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုမှူးများကို ခန့်ထားနိုင်ရန်၊ ပုဒ်မ ၅ ပါ အရည်အချင်းနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကိုပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူး ထံတင်ပြနိုင်သည်ဆိုတာ ဒါကို ကျွန်မက ထောက်ခံပါတယ်။

ဘာလို့လဲ ထောက်ခံတယ်ဆိုပေမယ့် ဒီဘက်က ဦးသန်းဝင်း တောင်တွင်းကြီးက တင်ထားတဲ့ ဒါ ပုဒ်မ ၂၈ ပါ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အခန်း(၇)ပါ မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေ ၆ အရ ရွေးချယ်ထားပြီးဖြစ်သော ကိုယ်စားလှယ်များ၏စာရင်းအား ဆိုပြီးတော့မှ ကိုယ်စားလှယ်များ၏စာရင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည် ဆိုလို့ရှိရင် စောစောက ကျွန်မတို့ ကိုယ်စားလှယ်တော်ကြီး(၁)ဦး ဆွေးနွေးသွားတာရော၊ ဒီဖက်ကဟာရော အားလုံးပြည့်စုံပြီးတော့၊ ပြည့်စုံတဲ့ပြဋ္ဌာန်းချက်တစ်ခုဖြစ်မယ်လို့ ကျွန်မ အဲဒီလို တင်ပြဆွေးနွေးပါရစေ။

နောက်တစ်ခုကတော့ ကျွန်မတို့ ရပ်/ကျေးနည်းဥပဒေမှာ အားလုံးပေါင်း အခန်းပေါင်း (၁၁)ခန်းနဲ့ ပုဒ်မ(၄၄)ခု ပါတာမှာ အခု သူက (၄၅) ဆိုပြီးတော့ ဤနည်းဥပဒေ အတည်မပြုမီ ရွေးချယ်ခန့်အပ်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်မှ ရပ်စဲ၍ ဤနည်းဥပဒေနဲ့အညီ ပြန်လည်ရွေးချယ်ခန့်အပ်ရမည်ဆိုတော့၊ ဒါက ပထမတုန်းက ကျွန်မတို့ ဆွေးနွေးတုန်းကဆိုရင်တော့ ဟုတ်ပါတယ်။ အခုချိန်မှာတော့ ကျွန်မတို့ တစ်နိုင်ငံလုံးရဲ့ ရာနှုန်းတော်တော်များများက ဒါ ရွေးချယ်ပြီးသားတွေ ဖြစ်သွားကုန်ပြီဆိုတော့ ဒါကြီးက တစ်နိုင်ငံလုံး ရွေးပြီးသားတွေ၊ တိုင်းနဲ့ပြည်နယ် အသီးသီးကတွေ အကုန်ပြန်ဖျက်၊ အကုန်ပြန်ရွေး အဲဒီလိုလုပ်ရမယ့် သဘောတရား၊ အခု အသစ်ပြန်ပြီး ဒါကြီးပါရင်၊ အဲဒီတော့ ဒါ ကို ကျွန်မ လုံးဝကန့်ကွက်ပါတယ်။

အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍဟာ ဘာလဲဆိုတော့ ပြည်သူလူထုနဲ့ တကယ်ထိတွေ့နေရတဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ခန့်အပ်ရေး ဒီဥပဒေ၊ နည်းဥပဒေတွေဟာ ကျန်တဲ့ ဥပဒေတွေထက်ကို ပိုပြီးတော့ကို အင်မတန် အရေးကြီးတာဖြစ်တဲ့အတွက် ဒါ ကျွန်မ အမှန်တော့ ဒီထက်ပိုပြီးတော့ ဆွေးနွေးချင်တာတွေရှိတယ်။ သို့သော်လည်း အချိန်ကိုလည်း ငဲ့ပြီးတော့၊ နောက်ပြီးတော့ ဒီထဲမှာ ဒါပဲ ပါတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးတာပါ။ အဓိကတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ မှာ ပါတဲ့အတိုင်းပဲ ပြည်သူလူထုဟာ တကယ့် အချုပ်အခြာအာဏာရဲ့ ပိုင်ရှင်တွေ ဒါ သူတို့ဆီက ဆင်းသက်လာတဲ့ ဥပဒေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အာဏာတွေဖြစ်တဲ့အတွက် သူတို့ကို အလေးအနက်ထားခြင်းအားဖြင့် သူတို့ရဲ့ ဆန္ဒနဲ့အညီ အဆင်ပြေမယ့် ဥပဒေ၊ နည်းဥပဒေတွေကို ပြုစုပေးပါလို့ ဒါ ကျွန်မ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၄-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၂၁-၂-၂၀၁၃ ရက်နေ့တွင်ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၁၊ အပိုဒ် ၂(င)(ဇ)(ည)

၂။ (င) အရင်းအမြစ်ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး၊ ကျွမ်းကျင်သူများ၊ ကျွဲနွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ နေရာနှင့် ငွေကြေးအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဆိုသည်။

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဆိုသည်မှာ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အဖွဲ့အစည်း များနှင့် ပြည်ပနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆိုသည်။

(ည)ဘေးသင့်သူများ ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူ များကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(င)(ဇ)(ည) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(င)(ဇ)(ည)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၂၊ အပိုဒ် ၃(ဂ)(င)

၃။ (ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော အခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၊ နိုင်ငံရပ်ခြား ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၂၊ အပိုဒ် ၃(ဂ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၂၊ အပိုဒ် ၃(ဂ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၃၊ အပိုဒ် ၄(ဆ)(ဒ)(ဝ) (သ)

၄။ (ဆ) သဘာဝဘေးအန္တရာယ် လျော့ပါးရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဒ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် အရေးပေါ်လိုအပ်သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရေးနှင့် ကူးစက်ရောဂါကျရောက်ခြင်း မရှိစေရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲစေခြင်း။

(ဝ) ပြည်ပနိုင်ငံတစ်ခုခုက သဘာဝဘေးအန္တရာယ် ကျရောက်သည့် အခြားနိုင်ငံတစ်ခုခုသို့ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ထောက်ပံ့ကူညီရာတွင် နိုင်ငံတော်အား စခန်းထောက်အဖြစ် ဖြတ်သန်းပြီး ထောက်ပံ့ကူညီခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(သ) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို ပြည်တွင်းသို့ လည်းကောင်း ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအား ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၃၊ အပိုဒ် ၄(ဆ)(ဒ)(ဝ)(သ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၃၊ အပိုဒ် ၄(ဆ)(ဒ)(ဝ)(သ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၄၊ အပိုဒ် ၉(က)(င) (ည)(ဗ) နှင့် အပိုဒ် ၁၀

၉။ (က) အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို လက်ခံခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့ပါးရေးအတွက် မည်သည့် အတားအဆီးကိုမဆို ဖျက်ဆီးရန်ဖြစ်စေ၊ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းရန်ဖြစ်စေ၊ အဆောက်အအုံ သို့မဟုတ် ပစ္စည်းတစ်ခုခုကိုအသုံးပြုရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကျရောက်သည့် သို့မဟုတ် ကျရောက်မည့် ဒေသရှိ ဒေသဆိုင်ရာအဖွဲ့အစည်းအား ညွှန်ကြားခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် အခြားနယ်မြေဒေသများသို့ သဘာဝဘေးအန္တရာယ်များ ပြန့်ပွားသွားစေနိုင်ပါက အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

(ဗ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် အစိုးရ၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ လွှဲအပ်ဆောင်ရွက်စေခြင်း၊

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးများသည် သဘာ၀ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာ၀ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၄၊ အပိုဒ် ၉(က)(င)(ည)(ပ) နှင့် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၄၊ အပိုဒ် ၉(က)(င)(ည)(ပ)နှင့် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၅:၀၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၅၊ အပိုဒ် ၁၁၊ ၁၂

၁၁။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသတစ်ခုခုတွင် သော်လည်းကောင်း၊ အသက်အိုးအိမ်စည်းစိမ်နှင့် သဘာ၀ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ် ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါဒေသကို အချိန်ကာလနှင့် နယ်မြေဒေသ ပိုင်းခြားသတ်မှတ်၍ သဘာ၀ဘေးအန္တရာယ် ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည် သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့် နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၅၊ အပိုဒ် ၁၁၊ ၁၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၅၊ အပိုဒ် ၁၁၊ ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၆၊ အပိုဒ် ၁၃(ခ)(ဂ)၊ ၁၅၊ ၁၅(ဂ)၊ ၁၇(ခ)၊ ၁၈(ခ)(င)(ဆ)(ဈ)(ည)

၁၃။ (ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) အား ဦးစားပေးပြီး ကူညီစောင့်ရှောက်ရမည်၊

(ဂ) ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့်ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

၁၅။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့် ဒေသ၌ သဘာဝဘေးအန္တရာယ် မကျရောက်မီ စီစဉ်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(ဂ) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် မမျှော်မှန်းနိုင်သော သဘာဝဘေး အန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်တတ်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် ဒေသဆိုင်ရာ လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်ရေးအတွက် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင် ပေးခြင်း။

၁၇။ (ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချထားပေးခြင်း၊

၁၈။ (ခ) ဘေးသင့်သူများအား လုံလောက်သော စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ခြင်းနှင့် ခွင့်ပြုရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေများ ပေးခြင်း၊

(င) ဘေးသင့်သူများအတွက် လိုအပ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ကိုင်နိုင်ရန် ပြန်လည်ထူထောင်ပေးခြင်း၊

(ဆ) ဘေးသင့်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါ အန္တရာယ်များမှ ကာကွယ်ပေးခြင်း၊

(ဇ) ဘေးသင့်သူများအနက် ကျောင်းနေသူများ ပညာရေး အချိန်အဟုန်မပျက် ဆက်လက် သင်ယူနိုင်ရေးအတွက် စာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းနှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးခြင်း၊

(ည) ဘေးသင့်သူများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၆၊ အပိုဒ် ၁၃(ခ)(ဂ)၊ ၁၅၊ ၁၅(ဂ)၊ ၁၇(ခ)၊ ၁၈(ခ)(င)(ဆ)(ဇ)(ည) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၆၊ အပိုဒ် ၁၃(ခ)(ဂ)၊ ၁၅၊ ၁၅(ဂ)၊ ၁၇(ခ)၊ ၁၈(ခ)(င)(ဆ)(ဇ)(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၇၊ အပိုဒ် ၂၄

၂၄။ အမျိုးသားကော်မတီသည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ် အစီရင်ခံစာကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၇၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၇၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၅:၀၆။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၈၊ အပိုဒ် ၂၅၊ ၃၁

၂၅။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲ ပေါ့ဆစွာ ဆောင်ရွက်မှုတစ်ခုခု ကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်**မှု**ကြောင့် ဖြစ်စေ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၁။ မည်သူမဆို သဘာဝဘေးအန္တရာယ်ကျရောက် နေသည့်အခါတွင်ဖြစ်စေ၊ ကျရောက် တော့မည့် အခိုက်တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန် အလို့ငှာလည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အဟန့်အတား မဖြစ်စေရန် အလို့ငှာလည်းကောင်း ယင်းနေရာရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာနှင့် အဆောက်အအုံ တို့မှ ဖယ်ရှားထွက်ခွာကြရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ကြားသည်ကို လိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၈၊ အပိုဒ် ၂၅၊ ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၈၊ အပိုဒ် ၂၅၊ ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၅:၀၇။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၉၊ အပိုဒ် ၃၄၊ ၃၆

၃၄။ အမျိုးသားကော်မတီသည် ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တာဝန်တစ်ရပ်ရပ် ထမ်းဆောင်ချိန်၌ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်ရန် အမှတ်အသားတံဆိပ်ကို တပ်ဆင်ရန် ခွင့်ပြုနိုင်သည်။

၃၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ် လတ်တလော မကျရောက်သေးသော်လည်း ဘေးအန္တရာယ် မကြာမီ ကျရောက်လာနိုင်သည် ဟု ယုံကြည်ရသည့်နေရာရှိ ပြည်သူများအား ရွှေ့ပြောင်းရန် လိုအပ်ပါက ၎င်းတို့၏ ဆန္ဒနဲ့အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၉၊ အပိုဒ် ၃၄၊ ၃၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၉၊ အပိုဒ် ၃၄၊ ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]